# ၁၉၆၄ ခုနှစ်။ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ )

## နိဒါန်း

၁၉၇၀ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံနည်းဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့် ပြည်သူ့အလုပ်သမားကောင်စီများအစား မိမိတို့ဆန္ဒအလျောက် ဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲနိုင်မည့် အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ လက်ရှိ ပုဒ်မ ၆ အပိုဒ် (၁)၏ အပိုဒ်ခွဲ (ခ) ကို အောက်ပါအပိုဒ်ခွဲဖြင့် အစားထိုးရမည် -

(ခ) ပုဒ်မ (၉) နှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်း၏စည်းကမ်း။

၃။ လက်ရှိ ပုဒ်မ (၇)၏ အပိုဒ် (က)၊ (ခ) နှင့် (ဂ) တို့တွင်ပါရှိသော 'ပြည်သူ့အလုပ်သမားကောင်စီ' ဟူသည့် စကား ရပ်အသီးသီးကိုနုတ်ပယ်၍ 'ပုဒ်မ ၉ နှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်းဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ လက်ရှိပုဒ်မ (၈) ပါ 'ပြည်သူ့အလုပ်သမားကောင်စီ' ဟူသည့်စကားရပ်ကိုနုတ်ပယ်၍ 'ပုဒ်မ (၉) နှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်း' ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အခန်း (၅)၏ ခေါင်းစည်းကို နုတ်ပယ်၍ 'အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းရေး' ဟူသည့် ခေါင်းစည်းဖြင့် အစားထိုး ရမည်။

၆။ လက်ရှိ ပုဒ်မ (၉) ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည် -

၉။ ။ အလုပ်သမားတရပ်လုံး လူမျိုးခွဲခြားခြင်း၊ ဘာသာခွဲခြားခြင်းမရှိပဲ ဆန္ဒအလျောက် ပါဝင်နိုင်၍ တလုံးတစည်းတည်းသော အလုပ်သမားတို့၏ကိုယ်ပိုင် အဖွဲ့အစည်းတရပ်အဖြစ် အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ရန် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းပေးရမည်။

အလုပ်သမား အဖွဲ့အစည်း

---